ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (1-4-2010) (၆၃၆၀)


# မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိရောက်အောင်မြင်အောင် ကြိုးပမ်း ဒေသအလိုက် စက်မှုဇုန်များမှ လုပ်ငန်းရှင်များထံ နည်းပညာလွှဲပြောင်းပေး မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်နိုင်အောင် ကြိုးစားကူညီစောင့်ရှောက် နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း ပူးပေါင်းဆောင်ရွက်





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (အပေါ်ပုံ) **နှင့် မကွေးစက်မှုနယ်မြေ စီမံကိန်းအတွင်းရှိ ဆောက်လုပ်ဆဲစက်ရုံအဆောက်အအုံများကို တွေ့ရစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နေပြည်တော် မတ် ၃၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ နံနက် ၁၁ နာရီခွဲတွင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။**

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား မကွေးမြသလွန်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ကုမာရ၏ ဥတုဇဓာတ်ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘဝနတ်ထံပျံလွန်တော်မူသွားသော သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါ ရှိတော်မူသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကန်တော့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror
၁-၄-၂၀၁၀
(ကြာသပတေးနေ့)

# အဆင့်မြင့်ပညာများ လက်လှမ်းတမီ သင်ယူ လူမှုဘဝ စည်ပင်ဝပြောအောင် စွမ်းဆောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်ပညာရပ်များ တိုးတက်ပြောင်းလဲနေပြီ။ ကြီးမားကျယ်ပြန့် မြန်ဆန်သွက်လက်နေသည်။ စီးပွားရေးစနစ်သည် အသိပညာအခြေပြု စီးပွားရေးပုံစံသို့ ဦးတည်ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတိုင်းက သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့် တစ်ပြေးညီ လေ့လာသင်ယူတတ်မြောက်ရေး အားထုတ်နေကြသည်။ နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် ခေတ်မီနည်းပညာရပ်များ လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းနေကြပေပြီ။

မြန်မာ့ပညာရေးမျှော်မှန်းချက်သည် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ် ဖြစ်ထွန်းလာရေးဖြစ်သည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်နေသည်။ ခေတ်မီနည်းပညာများ ရယူအသုံးပြုရေး၊ အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ ပညာရည်မြင့်မားရေးနှင့် အမျိုးသားရေးစံနှုန်းများ ထိန်းသိမ်းစောင့်ရှောက်ရေး မျှော်မှန်းချက်များ ပါဝင်သည်။

မျိုးဆက်သစ်လူငယ်များ အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်ရန် ဒေသအလိုက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေသည်။ တနင်္သာရီတိုင်းအတွင်း ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီ။ မြိတ်တက္ကသိုလ်ပင်မလေးထပ်ကျောင်းဆောင်သစ်ကြီးကို ၂၀၀၈ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ထားဝယ်တက္ကသိုလ်၏ ပင်မလေးထပ်စာသင်ဆောင်ကို မတ် ၃၀ရက်က ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တနင်္သာရီတိုင်းအတွင်း၌ ထားဝယ်နှင့် မြိတ်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် ခိုင်မာစွာပေါ်ထွက်လာနေပြီ။ အဆင့်မြင့်ပညာသင်ယူနိုင်သည့် တက္ကသိုလ်များနှင့် ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာပညာရှင်စသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသည့် ဌာနများဖြစ်တည်နေပြီ။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အဆင့်မြင့်ဆေးရုံကြီးများလည်း ပြည့်စုံလျက်ရှိသည်။ ရေကြောင်း၊ လေကြောင်းတို့အပြင် ထားဝယ်- မြိတ်- ဘုတ်ပြင်း- ကော့သောင်း ကားလမ်းသစ်ကြီးနှင့် ရေး-ထားဝယ်ရထားလမ်းသစ်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနေပြီဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်းအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သော အခြေခံကောင်းများကို တည်ဆောက်ထူထောင်နိုင်ခဲ့ပြီ။ နယ်မြေဒေသအလိုက်၊ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နေခြင်းသည် သမိုင်းပေးတာဝန်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားအပေါ်တွင် တည်မှီနေပြီ။ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်ရင်း ပြည်သူများ၏ လူမှုစီးပွားဘဝ စည်ပင်ဝပြောအောင် ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။



ရန်ကုန်မြို့နေ ဦးလှမြင့်-ဒေါ်သန်းရွှေ မိသားစုက ခရမ်းမြို့ ဘိုးဘွားရိပ်သာအဝင် ကွန်ကရစ်လမ်းခင်းရန် အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေ လက်ခံစဉ်။ (သတင်းစဉ်)

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် မတ် ၃၁**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ (ပထမဆုရ) အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) ရေးသားသည့် "ဟေဝန်ဟေမာသတ္တဝါတို့၏ နိမိတ်ပုံလွှာ" စာအုပ်ကို စာအုပ်အသင်း၏ (၅၈) အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့်ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၁၅/၂၀၁၀)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၁၅/၂၀၁၀)ကျင်းပ

နေပြည်တော် မတ် ၃၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၁၅/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။**

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံရေးပါတီ တည်ထောင်မှတ်ပုံတင်ခွင့်ဆိုင်ရာကိစ္စများနှင့် သင်တန်းပို့ချရေးကိစ္စများအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု "PARAMI FOUNDATION"၏ကူညီပံ့ပိုးမှုတို့ဖြင့် ဧပြီ ၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က "သုတရသစာပေ"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တင်းနစ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ သက်တန်းအလိုက်ပြိုင်ပွဲတွင် အသက် (၅၅)နှစ်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက် (၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ်အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲ (Inter Club) များ ပါဝင်မည် ဖြစ်သည်။

**ယှဉ်ပြိုင်**

အသင်းလိုက်ပြိုင်ပွဲ (Inter Club) တွင် နှစ်ယောက်တွဲ သုံးတွဲ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်းနစ်အားကစားသမား ခုနစ်ဦး အမည်စာရင်းပေးသွင်းခွင့်ပြုထားကာ ပြည်နယ်နှင့်တိုင်းအဆင့် အသက် (၄၅)နှစ် အထက် တစ်ဦးနှင့် အသက် (၅၀)နှစ်အထက် တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး မြန်မာ့လက်ရွေးစင်အဆင့်နှင့် ပြည်နယ်နှင့်တိုင်းအဆင့်ရှိသူများ၊ အသက် (၆၀)နှစ်အထက်ဖြစ်ပါက ပြိုင်ပွဲဝင်ဦးရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ယင်းပြိုင်ပွဲအားလုံးသို့ ပြည်နယ်နှင့်တိုင်းများမှ လာရောက်ယှဉ်ပြိုင်သူများအတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က သတ်မှတ်ထားသော နှုန်းထားအတိုင်း ခရီးစရိတ်ထုတ်ပေးမည်ဖြစ်ပြီး သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် တင်းနစ်ပြိုင်ပွဲသို့ ဝင်မည့် အားကစားမောင်မယ်များကိုသာ ပြိုင်ပွဲရက်အတွင်း နေထိုင်စားသောက်မှုများကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**စာရင်းပေးသွင်း**

အဆိုပါပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်မယ်များသည် မေ ၆ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ စာဖြင့်သော်လည်းကောင်း၊ ဖုန်း- ၃၇၂၃၆၀ နှင့် ၃၈၁၉၉၁/၉၉၂ -လိုင်းခွဲ(၁)သို့လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၃/၂၀၁၀) အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၃/၂၀၁၀) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)က ယခင် (၂/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ မေလအတွင်း ကျင်းပမည့် ပဉ္စမအကြိမ် စာပေညီလာခံနှင့် စပ်လျဉ်း၍ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ အခမ်းအနားအစီအစဉ်နှင့် ညီလာခံသို့ ဖိတ်ကြားမည့်စာရင်းတို့ကို ဗဟိုအမှုဆောင်ကော်မတီဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဝဋ်ကြွေးတော်ပြေဘုရားအနီး ဗိုလ်မှူးဗထူးလမ်းမကြီးပေါ်ရှိ ယဉ်ကျေးလိမ္မာ ကလေးအထူးသင်တန်း၌ ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဟောပြောစဉ်။ (ကြေးမုံ)

**မီးဘေးရှောင် မလောင်ခင်တား**





**○ ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီတွင် မကွေးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် သိမ်တော်ကြီးအောက်ထပ်၌ အပူဇော်ခံထားရှိသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ကြသည်။

ယင်းနောက် မဟာဝိသုတာရာမတိုက်သစ် ကျောင်းတိုက် သိမ်တော်ကြီးတွင် ရောက်ရှိနေကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်တိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘဝနတ်ထံပျံလွန်တော်မူသည့် ဆရာတော်ကြီး၏ အန္တိမစျာပနကိစ္စများအတွက် လှူဒါန်းငွေများကို ဈာပနကျင်းပရေးကော်မတီသို့ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်စား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မတည်လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့စဉ်။** (သတင်းစဉ်)

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ လှူဒါန်းငွေများကို အတွင်းရေးမှူး(၁)က လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လှူဒါန်းငွေကို ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ဝန်ကြီးများနှင့် အဖွဲ့အစည်းများ၏ လှူဒါန်းငွေများကို စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာဝိသုတာရာမတိုက်မှ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနှင့် ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





ရန်ကုန် မတ် ၃၁

**၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။**

ထို့နောက် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ထားမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထာဝရအလင်း(၁) စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၃၁**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျောက်ပုံကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေ၊ ကျေးရွာမှ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သည့် ထာဝရ အလင်း (၁) ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၁၀ ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်တင်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောအယ်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

**မြန်ပြည်တစ်ခွင် သာစေချင်**
**မီးတွင်မပေါ့နှင့်**

## နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း ဖွင့်လှစ်မည်

STAR RESOURCES
STAR RESOURCES CO., LTD.

**ရန်ကုန် မတ် ၃၁**

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းသင်တန်း)နှင့် International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဧပြီလ ပထမအပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) က သတ်မှတ်ထားသော Course Guide Line များနှင့်အညီ English Course ကိုပါ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေး မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

**ရွှေဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲသည် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

**မှတ်တမ်းတင်လက်မှတ်ထိုး**

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် စေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား(မကွေး)ကို ဖြတ်သန်းပြီး မင်းဘူးမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ မကွေးမြို့ ဖွံ့ဖြိုးစည်ပင်သာယာမှုနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**ကြိုဆို**

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် မကွေးမြို့မှ ခြောက်မိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီးကားလမ်း၏ အနောက်တောင်ဘက်ရှိ မကွေးစက်မှုနယ်မြေ စီမံကိန်းသို့ ရောက်ရှိကြရာ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက မကွေးစက်မှုနယ်မြေ ဖွဲ့စည်းမှု၊ တည်နေရာ၊ အကျယ်အဝန်း၊ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံစီမံကိန်းတို့၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်၊ ထုတ်လုပ်မည့် မော်တော်ယာဉ်များနှင့် Transmission System (Gear Box) များ ထုတ်လုပ်မည့် အခြေအနေကို လည်း ကောင်း၊ စက်မှုသင်တန်းကျောင်း (မကွေး)တည်ဆောက်၍ မော်တော်ယာဉ်ဆိုင်ရာ ပညာရပ်များ သင်ကြားပေးမည့် အခြေအနေကို လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားသွားကြရန် လိုကြောင်း။

ယခင်က ဘီ -၆၀၀၊ တီ -၂၀၀၀၊ တီအီး-၁၁ စသည်ဖြင့် မော်တော်ယာဉ် အမျိုးမျိုးကို ထုတ်လုပ်ခဲ့ကြသော်လည်း ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် ယာဉ်တစ်စီးလုံးထုတ်လုပ်သည့် အဆင့်အထိ ဖြစ်ပေါ်အောင် အစီအမံများကို ခိုင်ခိုင်မာမာ မလုပ်နိုင်ခဲ့ကြကြောင်း။

ယခု ကုန်တင်မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို နည်းပညာရယူနိုင်သည့် မိခင်ဗဟိုဌာနအဖြစ် ခံယူ၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုကို ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းနှင့် ဆက်စပ်နေသော အခြားစက်မှုလုပ်ငန်းများကိုလည်း သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ထူထောင်ထားပြီးဖြစ်၍ အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ရုံသာမဟုတ်ဘဲ ဒေသအလိုက် ပုဂ္ဂလိကစက်မှုဇုန်များမှ လုပ်ငန်းရှင်များထံ နည်းပညာရောက်ရှိအောင် ဆက်လက်လွှဲပြောင်းပေးနိုင်ရန် အရေးကြီးပြီး ယင်းပုဂ္ဂလိကလုပ်ငန်းရှင်များ ကိုယ်တိုင်မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်လာနိုင်အောင် ကြိုးစားကူညီစောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် မကွေးစက်မှုနယ်မြေ စီမံကိန်းစက်ရုံမြေနေရာ အညွှန်းပြမြေပုံနှင့် အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံပုံစံငယ်တို့ကို ကြည့်ရှုသည်။

**လှည့်လည်စစ်ဆေး**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် Gear & Transmission Plant နှင့် Heavy Turbo Truck Manufacturing Plant တို့၏ တည်ဆောက်ပြီးစီးသောလုပ်ငန်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား(မလွန်) တည်ဆောက်ရန် တံတားအုကြောင်း ရှာဖွေခဲ့မှု၊ ငွေးချောင်းဝဲ၊ ဝဲကြီးဝဲ၊ ကမ္ဘာနီဝဲစသည့် ဧရာဝတီဝဲများမှ လွတ်ကင်းရာ ရွှေလဝင်းဝဲ၏ အောက်ဘက်ရေစီးကြောင်းဖြောင့်ပြီး ကမ်းပါးတည်ငြိမ်သော တံတားအုကြောင်းကို ရွေးချယ်အတည်ပြုခဲ့မှု၊ တံတားဆိုင်ရာ အချက်အလက်များ၊ တံတားဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်း၌ အသုံးပြုလျက်ရှိသော စက်ယာဉ်ယန္တရားနှင့်လူအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**တစ်ပြိုင်တည်းတည်ဆောက်**

ထို့အပြင် ဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတံတားသစ်ရှစ်စင်းတည်ဆောက်ပြီးစီးခဲ့မှုနှင့် တံတားအလိုက် တည်ဆောက်ချိန်ကာလတို့ကို လည်းကောင်း၊ ယခုဧရာဝတီမြစ်ကူးတံတား ငါးစင်း တစ်ပြိုင်တည်း တည်ဆောက်နေမှုနှင့် ပြီးစီးနိုင်မည့် အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

**အားထုတ်လုပ်ကိုင်**

ဗိုလ်ချုပ်မှူးကြီးက တံတားတည်ဆောက်မှုနှင့်စပ်လျဉ်း၍ မိမိတို့၌ လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်ရာ အမှားအယွင်းမရှိရအောင်၊ အစစစိတ်ချရအောင် သတိထားလုပ်ကိုင်ကြရန်နှင့် သတ်မှတ်ချိန်ကာလအတွင်း မြန်မြန်ပြီးစီးအောင် အားထုတ်လုပ်ကိုင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှနေ၍ ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (မလွန်)တည်ဆောက်ရေး စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်းသည် မိကျောင်းရဲမြို့၏ အထက်ဘက် တစ်မိုင်ခန့်အကွာ၌ ရှိသည်။ တံတားစီမံကိန်း၏ အရှေ့ဘက်ကမ်းမှာ မကွေးမြို့နယ် ရွာသစ်ရွာနှင့် စစ်ကိုးပင်ရွာအကြားဖြတ်ပြီး အနောက်ဘက်ကမ်းမှာ မင်းလှမြို့နယ် သဖန်းချောင်းရွာနှင့် ကိုင်းရွာအကြားဖြစ်သည်။

**ကားရောရထားပါသွားနိုင်မည်**

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေကျော်ရှိမည်ဖြစ်သည်။ တံတား၌ အကျယ် ၂၈ ပေရှိ ကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ပါရှိမည့် ကားရောရထားပါ ဖြတ်သန်းသွားလာနိုင်မည့် တံတားကြီးဖြစ်သည်။

တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည်သည် သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။

(သတင်းစဉ်)

## တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၃၁**

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၈)နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၁ ရက်က ဗဟန်း(၃)လမ်းရှိ အသင်းတိုက်၌ကျင်းပရာ နာယက ဦးကျော်ဒင်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ ဘဏ္ဍာရေးမှူး ဦးသာအောင်တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ခြောက်ဘာသာဂုဏ်ထူးရှင်အပါအဝင် **(အောက်ပုံ)** ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးခြောက်ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးအဘိုးအဘွား ၃၆ ဦးတို့အား လှူဒါန်းငွေများဖြင့် စုပေါင်းပူဇော်ကန်တော့ကြကြောင်းသိရှိရသည်။

(ကြေးမုံ)



# ဧရာဝတီတံတား(မလွန်)

ပင်မတံတားအရှည်မှာ ၃၂၁၅ ပေကျော် ရှိမည်ဖြစ်။ တံတား၌ အကျယ် ၂၈ ပေရှိ ကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ပါရှိမည့် ကားရောရထားပါ ဖြတ်သန်းသွားလာနိုင်မည့် တံတားကြီးဖြစ်။

တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည်သည် သံမဏိသံပေါင်အမျိုးအစားဖြစ်။

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## စီမံကိန်းစက်ရုံ အဆောက်အအုံများ

**မကွေးစက်မှုနယ်မြေ စီမံကိန်း အတွင်းရှိ ဆောက်လုပ်ဆဲ စက်ရုံ အဆောက်အအုံများကို တွေ့ရစဉ်။**
(သတင်း-ရွှေဖုံး) (သတင်းစဉ်)



# အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၃၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာတီအမ်နာတာလီဂါဝါနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်လည်ပတ်ရန် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းနှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာတီအမ်နာတာလီဂါဝါ တို့ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေးပွဲ တစ်ရပ်ကို နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ဒေသအတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ ကို ဆွေးနွေးအမြင်ချင်း ဖလှယ်ကြသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သည် မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက် မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာပြီး နေပြည်တော် အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းက အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ သည်။

(သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းနှင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာတီအမ်နာတာ လီဂါဝါတို့ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။**
(သတင်းစဉ်)

# စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ဖွင့်လှစ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၃၁**

အမှတ်(၂) စက်မှုဝန်ကြီးဌာနက မကွေးတိုင်း ပခုက္ကူမြို့၌ အကောင်အထည် ဖော်ဆောင်ရွက်သော စက်မှုသင်တန်းကျောင်း (ပခုက္ကူ) Industrial Training Centre (Pakokku) ဖွင့်လှစ်သည့်အခမ်းအနားနှင့် လွှဲပြောင်းသည့်အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke San တို့က စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌက စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးပြီး တာဝန်ရှိသူများက အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် သင်တန်းကျောင်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို သင်တန်း ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် သံအမတ်ကြီး H.E. Mr. Aloke San တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku)လွှဲပြောင်းပေးသည့် Handing Over Certificate ကို မြန်မာ့စက်မှု လုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် အိန္ဒိယ သမ္မတနိုင်ငံ Hindustan Machine Tools (International) Ltd. မှ Joint General Manager, Mr. I. G. Kandaraji တို့က လက်မှတ်ရေးထိုး လဲလှယ်ကြ သည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် စက်မှုသင်တန်းကျောင်း (ပခုက္ကူ) Industrial Training Centre (Pakokku) ရှိ သင်တန်းခန်းမ၊ ကွန်ပျူတာ ခန်းနှင့် လက်တွေ့သင်ကြားခန်းများကို လှည့်လည် ကြည့်ရှုကြသည်။

စက်မှုသင်တန်းကျောင်း(ပခုက္ကူ) Industrial Training Centre (Pakokku) ကို အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် ၂၀၀၉ ခုနှစ် မတ်လမှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကျောင်းတွင် စက်မှုနှင့် လျှပ်စစ်ဆိုင်ရာ ဘာသာရပ် ကိုးမျိုးကို တစ်နှစ်သင်တန်းများအဖြစ် သင်တန်းသား ၂၇၀ ခန့်ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၄-၂၀၁၀ ( ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ ခါသကြွန်အဆိုအကများ
- ၈း၃၅ ၉။ International News
- ၈း၄၀ ၁၀။ အကပဒေသာ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၃၀ ၄။ ခါသကြွန်အဆိုအကများ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ အတီးပြိုင်ပွဲ
- ၅း၂၀ ၈။ "ကျွမ်းတိုင်းမကြမ်းနဲ့"
- ၅း၂၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၄၀ ၁၀။ ခါသကြွန်အဆိုအကများ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၁) (သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၄၀ ၁၄။ ထူးဆန်းထွေလာများကိုသိပွဲဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ဖွဲ့မေတ္တာ" (အပိုင်း-၂၃)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၄)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၃၂)**
- ၂၁။ အစီအစဉ်ပြီး၏။

**လူမှုဝန်ထမ်းဦးစီးဌာန တော်ဝင်ရတနာမူလတန်းကြိုကျောင်း နေပြည်တော်၏ ပဒေသာကပွဲကို မတ် ၂၀ ရက်က ကျင်းပရာ မူကြိုရင်သွေးငယ်များ ကပြနေမှုကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။**
(လူမှုဝန်ထမ်း)





ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

# ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၃၁**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်သူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၁ ရက်က ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းမကြီး ခြောက်ထပ်ကြီးဘုရားဝင်း အသင်းဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာကန်တော့ခံ ဘိုးဘွား ၄၁ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။

ဆက်လက်၍ ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ရာ ပါရဂူဘွဲ့ရ မသင်းမာလာ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မခန့်ထက်ပပအောင်၊ မောင်လင်းထက်အောင်၊ မောင်ကျော်သန့်ဇင်နှင့် ဂုဏ်ထူးရရှိသူများအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်သည်။ **(ယာပုံ)**
(မြို့နယ်ပြန်/ဆက်)



# မြန်မာအင်တာနေရှင်နယ် အစီအစဉ်များသည် ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်စေပြီး ပြင်ပကမ္ဘာအနေဖြင့်လည်း မြန်မာကို အမှန်တကယ်နားလည်လာနိုင်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် Myanmar International Logo ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်　　မတ်　　၃၁

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များအား အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအဆောက်အအုံ ဥပစာ၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။**

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဒေသဆိုင်ရာ F.M Radio များဖြစ်သော ပတ္တမြား F.M၊ ချယ်ရီ F.M နှင့် F.M ပုဂံတို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ Myanmar International School မှ ကျောင်းသား၊ ကျောင်းသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ကျောက်ဆည် ဆင်အက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအား ကျောက်ဆည် ဆင်အကအဖွဲ့က ဆင်အကတို့ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့မှ အနုပညာရှင်များက စည်တော်အကဖြင့် လည်းကောင်း ကြိုဆိုကြသည်။

ထို့နောက် Myanmar International School မှ ကျောင်းသား၊ ကျောင်းသူများက တိုင်းမှူးနှင့် ဝန်ကြီးများအား ပန်းစည်းများပေးအပ်၍ ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ဖျော်ဖြေတင်ဆက်ကြသူများအား လက်ဆောင်ပန်းခြင်း ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် Myanmar International ရုပ်သံလိုင်း စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ ဥပစာ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မင်္ဂလာအချိန်တွင် Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးများက Myanmar International ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံအတွင်းရှိ Auditorium ၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းက မြန်မာမှုတီးလုံးများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဦးရွှေရိုး-ဒေါ်မိုး (သုံးစုံတွဲ)အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ Presenter များဖြစ်ကြသည့် Sophi နှင့် Peter တို့က မြန်မာနိုင်ငံအကြောင်း အတွေ့အကြုံများကို တင်ဆက်ကြပြီး Presenter Sophi က "ပေဒါလမ်း"ကဗျာကို ရွတ်ဆိုကာ Presenter နှစ်ဦးတို့က "မြန်မာနိုင်ငံ၏ထူးခြားသောအကြောင်းခြင်းရာများ" (Surprising Myanmar)ကို ဗီဒီယိုဖြင့်တင်ဆက်ပြသသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "လှပဝေဆာ ပြည်မြန်မာ"ယိမ်းအကဖြင့် လည်းကောင်း၊ တေးသံရှင် နေနေက "You are Myanmar" သီချင်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများက "ညီညာစေ(၂၀၁၀)"ပြည်ထောင်စုနေ့အကဖြင့်လည်းကောင်း၊ Myanmar International School မှ ကျောင်းသား၊ ကျောင်းသူများက "Friends Forever" သီချင်းဖြင့်လည်းကောင်း၊ စတီရီယိုတေးသံရှင် ကိုစိုင်း (Black Hole)က "သနပ်ခါး"သီချင်းဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် မိမိတို့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများကို ကျင့်သုံးထိန်းသိမ်းရင်း ခေတ်မီဖွံ့ဖြိုး တိုးတက်လျက်ရှိကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် မြန်မာနိုင်ငံအကြောင်းကို မသိရှိသေးသည့် အချက်များစွာ ရှိနေကြောင်း၊ တည်ငြိမ်အေးချမ်းလျက်ရှိသော မြန်မာနိုင်ငံတွင် လူဦးရေ သန်းခြောက်ဆယ်နီးပါးနှင့် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့သည် ပြည်နယ်နှင့် တိုင်း ၁၄ ခု အတွင်း မှီတင်းနေထိုင်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၂၅၀၀ ကျော်ရှည်လျားသည့် သမိုင်းကြောင်းသည် အထူးပင် စိတ်ဝင်စားဖွယ် ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှင်းတောင်များ၊ အမြဲစိမ်းအပူပိုင်းသစ်တောများ၊ သဘာဝအတိုင်း မပျက်မယွင်းရှိနေသေးသည့် ပင်လယ်ကမ်းခြေများ၊ ထူးခြားဆန်းပြားသော သန္တာကျောက်တန်းများနှင့် မြစ်ကြီးများ တည်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ခေတ်မီတိုးတက်မှု လမ်းကြောင်းတစ်လျှောက်တွင် စိတ်ဝင်စားဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာများနှင့် ပြည့်နှက်နေကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**





**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၄-၂၀၁၀ ( ကြာသပတေးနေ့)**

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ "ဘဝအမောတွေ ဘယ်လိုဖြေကြမလဲ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆:၄၅ အဓိဋ္ဌာန်ပြုကာဆုတောင်းမည် ဦးရာဇ်ဖော်စေတီ
၇:၀၀ MRTV-4 သတင်း
၇:၄၅ **MRTV-4** ကာတွန်းအစီအစဉ်
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၆၇)**
၈:၃၀ Sports World (2010 Formula1)
၈:၅၅ မြန်မာနိုင်ငံဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ်ရွေ့ရတု
၉:၂၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဝှက်ထားတဲ့နှလုံးသား ရိုက်ကွင်းအမှတ်တရ)
၉:၄၀ Let's Dance (The Uranium Dance Studio)
၁၀:၁၀ ခါသကြန်အဆိုအကများ
၁၀:၂၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၃၀ ဈေးဝယ်လမ်းညွှန် (Dolly Bird)
၁၀:၅၅ လှိုင်မြို့နယ်အစည်းအရုံး၏ ပန်းချီပြပွဲ
၁၁:၀၅ Activities In The City - (Slen-fig Birthday Party)
၁၁:၁၅ ဂီတသရုပ်ပြခန်း (သင်္ကြန်တေးလက်ဆောင်-၁)
၁၁:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၁၁:၅၅ ၁၉၉၄-၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ
၁၂:၀၀ ခါသကြန်အဆိုအကများ
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (USHIDO & INSIN HAIR FASHION SHOW)
၁၂:၄၀ သာသနာ့ကောင်းကင်ယံက မွေ့ကထိကကြယ်စင်များ
၁:၀၀ "ဘဝအမောတွေ ဘယ်လိုဖြေကြမလဲ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (We Love You Michael-2)
၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၆၇)**
၄:၀၅ စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၄:၂၅ Activities In The City - (Slen-fig Birthday Party)
၄:၃၅ ဈေးဝယ်လမ်းညွှန် (Dolly Bird)
၅:၀၀ ခါသကြန်အဆိုအကများ
၅:၁၀ မြန်မာနိုင်ငံဓာတ်အားပေးခြင်း နှစ်ဦးကာလနှင့် မဟာဓာတ်အားလိုင်းစနစ်ရွေ့ရတု
၅:၃၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose နှင့် တက်တိုးနုယဉ်ကွန်ဒို)
၆:၄၀ ရန်ကုန်မြင်ကွင်းကျယ် (USHIDO & INSIN HAIR FASHION SHOW)
၆:၅၅ ဘဝများ (ပန်းခင်းထဲကသူ)
၇:၀၀ Fashion Music Festival (We Love You Michael-2)
၇:၄၀ ၁၉၉၄-၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ
၈:၀၀ MRTV-4 သတင်း
၈:၃၀ Let's Dance (The Uranium Dance Studio)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၆၇)**
၁၀:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဝှက်ထားတဲ့နှလုံးသား ရိုက်ကွင်းအမှတ်တရ)
၁၀:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၂၅ ဂီတသရုပ်ပြခန်း (သင်္ကြန်တေးလက်ဆောင်-၁)
၁၀:၄၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose နှင့် တက်တိုးနုယဉ်ကွန်ဒို)
၁၁:၀၅ ဘဝများ (ပန်းခင်းထဲကသူ)
၁၁:၁၀ အားကိုးအားထား (ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
၁၁:၂၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၁:၃၅ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၁:၄၅ မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

စာမျက်နှာ ၆ မှ

မိမိတို့ မည်သို့မည်ပုံ နေထိုင်ကြသည်၊ သဘာဝက မည်ကဲ့သို့သော သယံဇာတများဖြင့် မြန်မာနိုင်ငံကို မျက်နှာသာပေးထားသည်ဆိုသည့်အချက်များကို မြန်မာအင်တာနေရှင်နယ်အနေဖြင့် အထူးအသိပေးလိုကြောင်း၊ ဧည့်သည်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံကို နှစ်လိုဖွယ်ရာ ဒေသအဖြစ်သာမက အံ့သြဖွယ်ရာအဖြစ်ပါ မြင်လာနိုင်မည်ဖြစ်ကြောင်း။

## ပိုမိုကောင်းမွန်

မြန်မာနိုင်ငံကို မျက်မြင်ကိုယ်တွေ့ လာရောက်လည်ပတ်သည်ထက် ပိုမိုကောင်းမွန်သော အခြားအစီအစဉ် မရှိနိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာလည်း အထူးတိုးတက် ထွန်းကားလျက်ရှိကြောင်း၊ သို့ရာတွင် မြန်မာအင်တာနေရှင်နယ်သည် မြန်မာနိုင်ငံ၏ သမိုင်းအမွေအနှစ်၊ မြန်မာလူမျိုးတို့၏ နွေးထွေးမှုနှင့်ပင်ကို ရင်းနှီးဖော်ရွေမှုတို့ကို လေ့လာခံစားနိုင်ရန် ဒုတိယအကောင်းဆုံး အစီအစဉ်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့အနေဖြင့် မြန်မာတို့၏ ပိုမိုကျွမ်းကျင်လာသော အသိပညာ အတတ်ပညာတို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

မြန်မာ၏ အတိတ်သမိုင်းမှာ ဆန်းကြယ်၍ ဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်နှက်နေကြောင်း၊ မြန်မာတို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ကိုင်တွယ်ဖြေရှင်းပုံမှာ ထူးခြားပြီး မြန်မာတို့သည် မိမိတို့၏ ကိုယ်ပိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့၏ တိုးတက်မှုသည် တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် မိမိတို့နိုင်ငံကို အကောင်းဆုံး အကျိုးပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်း အားလုံး၊ တိုင်းရင်းသား အားလုံးတို့အနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို မထိခိုက်စေဘဲ ပြုပြင်ပြောင်းလဲမှုတို့၏ အကျိုးကျေးဇူးကို ခံစားနိုင်ကြမည်ဖြစ်ကြောင်း။





နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုကြစဉ်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအင်တာနေရှင်နယ်၏ အင်္ဂလိပ်ဘာသာအစီအစဉ်များသည် မြန်မာကို ပြင်ပကမ္ဘာနှင့် ပိုမိုချိတ်ဆက်စေမည်ဖြစ်ပြီး ပြင်ပကမ္ဘာအနေဖြင့်လည်း မြန်မာကို အမှန်တကယ် နားလည်လာနိုင်မည်ဖြစ်ကြောင်း။

ပင်လယ်ရပ်ခြားရှိ မြန်မာမိသားစုများသည်လည်း မြန်မာအင်တာနေရှင်နယ်ကို ကြည့်ရှုကြမည်မှာ မလွဲပင်ဖြစ်ရာ မြန်မာအင်တာနေရှင်နယ်၏ ကျေးဇူးကြောင့် မိခင်နိုင်ငံနှင့် ကင်းကွာမှုမရှိဘဲ နိုင်ငံအပေါ် ချစ်စိတ်နှင့် ဂုဏ်ယူလိုစိတ်တို့ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

မြန်မာအင်တာနေရှင်နယ်သည် ကြည့်ရှုသူတို့အား နှစ်သက်ပျော်ရွှင်စေမည့် အပြင် ရိုးသားပွင့်လင်းပြီး ဖော်ရွေသည့် မြန်မာလူမျိုးတို့ အကြောင်းကိုလည်း သိရှိလာစေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က Myanmar International Logo ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အနုပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများက "မန်းတောင်ရိပ်ခို"သီချင်းဖြင့် စုပေါင်းသီဆိုကပြ တင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်အား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖျော်ဖြေတင်ဆက်ကြသူများအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံအတွင်းရှိ Vitual Studio, Cherry F.M, ပတ္တမြား F.M, Audio Work Station Room, T.V. News Network, News Control Room (သတင်းထုတ်လွှင့်ခန်း)နှင့် Presentation Room တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ MRTV-3 အစီအစဉ်များကို အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှစတင် စမ်းသပ် ထုတ်လွှင့်ခဲ့သည်။

## ပုံမှန်ထုတ်လွှင့်သွားမည်

Myanmar International ရုပ်သံလိုင်းအဖြစ် ပုံမှန်ထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မတ် ၃၁ ရက် (ယနေ့)မှစတင်၍ ပုံမှန်ထုတ်လွှင့်သွားမည်ဖြစ်ပြီး Myanmar International ရုပ်သံလိုင်းတွင် နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းများအပြင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲတင်ဆက်ထားသည့် Documentary, Current Affairs အစီအစဉ်များ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို ထည့်သွင်းထုတ်လုပ် ပြသသွားမည်ဖြစ်သည်။

Myanmar International ရုပ်သံအစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ဒေသများမှာ မြောက်အမေရိကဒေသ၊ ဥရောပဒေသ၊ ဩစတြေးလျနှင့် နယူးဇီလန်ဒေသ၊ တရုတ်နှင့် အိန္ဒိယဒေသ၊ အင်ဒိုချိုင်းနားဒေသတို့ဖြစ်ပြီး နိုင်ငံတကာပရိသတ်များအနေဖြင့် ၂၄ နာရီပတ်လုံး ကြည့်ရှုနိုင်ရေးအတွက် ကမ္ဘာတစ်ဝန်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စီစဉ်ထားသည့်အပြင် ပြည်တွင်း၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များ အပြီးတွင် နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆက်လက် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ ဥပစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

# ဆဋ္ဌမအကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

**၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများသည် ကွင်းအတွင်းနေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။ ယင်းပြိုင်ပွဲများကို မတ် ၃၁ ရက်မှ ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၄-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ ခါသကြွန်အဆိုအကများ
- ၄:၅၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ ခါသကြွန်အဆိုအကများ
- ၅:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၂၅ ၁၂။ ထူးဆန်းထွေလာမျက်လှည့်ပညာ
- ၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် - လူစွမ်းကောင်းလေးဖော် (အပိုင်း-၂၆) (ဇာတ်သိမ်း)
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူ့မေတ္တာ (အပိုင်း-၃၅)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြည်နူးဖွယ်ရာပျိုကညာ (အပိုင်း-၂၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

## အာဖဂန် ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ၁၇ ဦး သေဆုံး

**လက်ချ်ကားဂါ မတ် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း တာလီဘန်များ အခြေစိုက်ရာ ဟဲလ်မန့်ပြည်နယ်၌ ဗုဒ္ဓဟူးနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သား ၁၇ ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အကြမ်းဖက်သမားများသည် စက်ဘီးတစ်စီး၌ ဖောက်ခွဲရေးပစ္စည်းများကို တပ်ဆင်ကာ တစ်ပတ်တစ်ခါ ဖွင့်လှစ်ရောင်းချသည့် ဈေးတစ်ခုအတွင်း ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် အခြားလူ ၁၅ ဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းဗုံးပေါက်ကွဲမှုသည် ယခင်က တာလီဘန်တို့၏ ခြေကုပ်စခန်းဖြစ်ခဲ့ဖူးသည့် မာဂျာမြို့သို့ အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုက်မူလန် အင်္ဂါနေ့က ရောက်ရှိခဲ့ပြီး နောက်တစ်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဗုံးပေါက်ကွဲမှုမြင်ကွင်း**

**အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်၌ မတ် ၃၁ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုမြင်ကွင်းကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ကန်ဒါဟာထိုးစစ် ဇွန်လတွင် အမေရိကန် စတင်မည်

**ကဘူး မတ် ၃၁**

စစ်ဆင်ရေးများကြောင့် အရပ်သား သေဆုံးမှုများ လာဖွယ်ရှိသော်လည်း အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က ဇွန်လတွင် ထိုးစစ်ဆင်နွှဲရန် စီစဉ်လျက်ရှိသည်။

ထိုးစစ်တွင်အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀ ခန့် ပါရှိမည်ဟု နေတိုးတပ်ဖွဲ့ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

### ပြင်ဆင်လျက်ရှိ

နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များသည် ဟဲလ်မန့်ပြည်နယ်မှ တာလီဘန်များကို ချေမှုန်းရေးအတွက် အိုမိုက်ဟု အမည်ပေးထားသော စစ်ဆင်ရေးတစ်ရပ်ကို ပြင်ဆင်လျက်ရှိကြောင်း၊ သို့ရာတွင် စစ်ဆင်ရေးစတင်မည့်နေ့ရက်ကို ထုတ်ပြန်ထားခြင်းမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ စစ်ဆင်ရေးသည် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ၏ ကိုးနှစ်ကြာ အာဖဂန်စစ်ပွဲကို အဆုံးသတ်မည့် နောက်ခြေလှမ်းတစ်ရပ် ဖြစ်ဖွယ်ရှိသည်။

အာဖဂန်နစ္စတန်၌ ထပ်မံအင်အားဖြည့်တင်းမည့် အမေရိကန် တပ်ဖွဲ့ဝင် ၃၀၀၀၀ အနက် ၆၀၀၀ ခန့်ကို စေလွှတ်ခဲ့ပြီး ကျန်တပ်အင်အားကို လာမည့်လများတွင် စေလွှတ်မည်ဟု ခန့်မှန်းထားသည်။

### အင်အားဖြည့်တင်း

အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင် ၁၂၀၀၀၀ ခန့်ကို တပ်ဖြန့်ချထားပြီး အာဖဂန်စစ်သွေးကြွများကို အမြစ်ပြတ်ချေမှုန်းရန် ဩဂုတ်လမတိုင်မီ ၁၅၀၀၀၀ အထိ တပ်အင်အား ဖြည့်တင်းသွားမည်ဖြစ်သည်။

## ပါကစ္စတန်တိုက်လေယာဉ်များ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၂၆ ဦး သေဆုံး

**အော်ရတ်ဇိုင်း မတ် ၃၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အော်ရတ်ဇိုင်းမျိုးနွယ်စုဒေသကို မတ် ၃၀ရက်က ပါကစ္စတန် တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၂၆ ဦး သေဆုံးပြီး ၎င်းတို့ပုန်းခိုရာ နေရာအချို့ ပျက်စီးသွားသည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

### ကြိုးပမ်း

အမေရိကန် ကျောထောက်နောက်ခံပြု ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီအစိုးရကို ဖြုတ်ချရန် တာလီဘန်စစ်သွေးကြွတို့က ကြိုးပမ်းလျက်ရှိသည်။

အော်ရတ်ဇိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် ပြီးခဲ့သော ရက်သတ္တပတ် တိုက်ပွဲများ၌ စစ်သွေးကြွ ၁၀၀ ခန့် သေဆုံးခဲ့သည်ဟု လုံခြုံရေး တပ်ဖွဲ့မှအရာရှိများက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အသေခံဗုံးခွဲတိုက်ခိုက်မှုများ ရုရှားနိုင်ငံ၌ ထပ်မံဖြစ်ပွား

**မော်စကို မတ် ၃၁**

ရုရှားနိုင်ငံ တောင်ပိုင်းဒေသတွင် အသေခံဗုံးခွဲသမားနှစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့က လူ ၁၂ ဦး သေဆုံးခဲ့ကြောင်းသတင်းများတွင် ဖော်ပြသည်။

အသေခံဗုံးခွဲသမား နှစ်ဦးအနက် တစ်ဦးသည် ရုရှားရဲတပ်ဖွဲ့ဝင်တစ်ယောက်အဖြစ် ဟန်ဆောင်ရုပ်ဖျက်ထားကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများသည် ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသ ဒါဂျက်စတန်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပထမဗုံးပေါက်ကွဲမှုသည် ကားဗုံးပေါက်ကွဲမှုဖြစ်ပြီး ဒါဂျက်စတန်ပြည်နယ်နှင့် ချေချင်းညာပြည်နယ် နယ်စပ်အနီး ဖြစ်ပွားခဲ့သည်။

ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးသူများနှင့် ဒေသခံများစုရုံးရောက်ရှိလာစဉ် ဒုတိယဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးအပါအဝင် လူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

## နေတိုးရဟတ်ယာဉ်ကို ပစ်ချခဲ့ကြောင်း တာလီဘန်တို့ကြေညာ

**ကဘူး မတ် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးပြည်နယ်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သောတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့ကြောင်း တာလီဘန်စစ်သွေးကြွများက တနင်္လာနေ့တွင် ကြေညာသည်။

ဇာဘူးပြည်နယ် အက်ဂါခရိုင်တွင် နေတိုးတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်းကို တနင်္လာနေ့ နံနက်ပိုင်း၌ စစ်သွေးကြွများက ပစ်ချခဲ့ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ကာရီယူဆွတ်အာမာဒီက တယ်လီဖုန်းဖြင့် သတင်းဌာနများသို့ ပြောကြားခဲ့သည်။

### အတည်ပြု

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကၡင်းတို့၏ရဟတ်ယာဉ်တစ်စင်း ပျက်ကျကြောင်းအတည်ပြုသော သတင်းကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် အသေအပျောက်မရှိကြောင်း၊ ရဟတ်ယာဉ်ပေါ်ပါလာသော ဝန်ထမ်းများကို အနီးရှိအိုင်အက်စ်အေအက်ဖ်ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်ပျက်ကျရသည့် အထောက်အထားများ မတွေ့ရကြောင်း၊ တာလီဘန်တို့လက်ချက်ကြောင့် ရဟတ်ယာဉ်ပျက်ကျရခြင်းမဟုတ်ကြောင်း အိုင်အက်စ်အေအက်ဖ်က သတင်းကြေညာချက်တွင် ငြင်းဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**မှန်ကူကြည့် The Mirror**

**နိုင်ငံတကာ သတင်းများ**

## အာဖဂန်တွင် ဗုံးပေါက်ကွဲ၍ အရပ်သားငါးဦး သေဆုံး

**ကဘူး မတ် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် ဗင်ကားတစ်စီး လမ်းပေါ်၌ ထောင်ထားသော ဗုံးကို နင်းမိပေါက်ကွဲခဲ့ရာ မတ် ၂၉ ရက်က အရပ်သားငါးဦး သေဆုံးခဲ့သည်။

အဆိုပါကားသည် ဟီရတ်မြို့မှ အင်္ဂါနေ့စောစောပိုင်းတွင် ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ အခြားခရီးသည်နှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရာအွတ်အာမက်ဒီက ပြောကြားသည်။

ယင်းဖြစ်ရပ်သည် အေဒရာကန်ခရိုင်အတွင်း၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော်ကားပေါ်၌ လိုက်ပါလာသောလူဦးရေနှင့် သေဆုံးမှုများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းများကို ၎င်းက ပြောကြားခြင်းမပြုပေ။ ***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက်ရှိ ကာဘာလာမြို့၌ မတ် ၂၉ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော မြင်ကွင်းကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ဘဂ္ဂဒက် မတ် ၃၁**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**<u>အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၃၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၈၁၄ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၅၇၅၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူအီရတ်ပြည်သူများ | ၇၀၀၈၁၄ ဦး |
| ၂။ | အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၆၅၇၅၃ ဦး |

**(အင်တာနက်)**

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

**ကဘူး မတ် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

**<u>အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှ စတင်ပြီး မတ် ၃၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၂၃ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၁၆၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူအာဖဂန်ပြည်သူများ | ၃၂၇၂၃ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၁၆၄ ဦး |

**(အင်တာနက်)**

## နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၃၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်တွင် ကရင်ပြည်သူ့ပါတီက လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြနှင့် ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

၂၀၁၀ ခုနှစ် အဌမအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြနှင့် ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများနှင့် တပ်မတော်ဘောလုံးသမားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၅၀၅၅၅၆၂၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၀၉-၅၀၄၈၂၈၉ နှင့် ၀၉-၈၅၇၂၄၉၊ ဗိုလ်ကြီးတင်ကိုကိုမောင် ဖုန်း-၀၉-၅၁၈၅၄၆၁၊ အရာခံဗိုလ် အေးကြူကြီး ဖုန်း-၀၉-၂၀၂၈၈၀၅ နှင့် ၀၁-၆၃၅၁၆၁၊ တပ်မတော်(ဒိုင်အဖွဲ့) ဖုန်း-၀၁-၆၃၅၆၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မတ် ၃၁**

ယမန်နေ့ ည ၁၁နာရီ ၂၂ မိနစ် ၂၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (ကပ္ပလီပင်လယ်ပြင်) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေ၀သနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ကမ္ဘာ့ကျန်းမာရေးနေ့

## World Health Day

၂၀၁၀-ခုနှစ်၊ ဧပြီလ (၇) ရက်

မြို့ပြလူမှုဘ၀မြင့်မားရေး၊ ကျန်းမာရေးကိုမြှင့်တင်ပေး

" Urbanization and Health; Urban Health Matters"

ကျန်းမာရေးဝန်ကြီးဌာန



**မတ် ၂၉ ရက်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် PRIDE INTERNATIONAL SCHOOL MYANMAR PISM (PIEC)FISCHER RANDOM CHESS စစ်တုရင်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်ထွန်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်စဉ်။** (စစ်တုရင်အဖွဲ့ချုပ်)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး၏ စံကျောင်းချအခမ်းအနားနှင့် အန္တိမ အဂ္ဂိစျာပန ကျင်းပမည်

**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရသည် (၁၃၇၁ ခုနှစ် တန်ခူးလဆန်း ၁၅ ရက်) မတ် ၂၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဘ၀နတ်ထံပျံလွန်တော်မူခဲ့ရာ (၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက်) ဧပြီ ၁၁ရက် (တနင်္ဂနွေနေ့) တွင် စံကျောင်းချ အခမ်းအနားကိုလည်းကောင်း၊ (၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက်) ဧပြီ ၁၂ ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနကိုလည်းကောင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများ နေ့အပူချိန် လျော့နည်းနိုင်

ရန်ကုန် မတ် ၃၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေ၀သတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာ၀တီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းတွင် နေရာစိပ်စိပ်၊ မကွေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာ၀တီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** နေပြည်တော်ပျဉ်းမနား၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဇောင်းတူမြို့နှင့် ဘားအံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းတွင် သုည ဒသမ ၃၉ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**ဧပြီ ၁ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။


**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



**ရန်ကုန်မြို့နေ မဖူးပွင့်ကျော်၊ မဥ္ဇူလင်း၊ မအိအိခိုင်၊ မခင်ငြိမ်းကြည်၊ မစုရည်စင်း သူငယ်ချင်းတစ်စုက သွေးပေါင်ချိန်တိုင်းကိရိယာ တန်ဖိုးငွေကျပ်သုံးသိန်းခုနစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## နိုင်ငံတကာ အားကစားသတင်းများ

ဝင်းတင်(ကြေးမုံ)

## ဂိုးသွင်းစောသည့် မန်ယူအသင်း အဆုံးသတ်မလှခဲ့ အိမ်ကွင်းနိုင်ပွဲရခဲ့သည့်လိုင်ယွန် နောက်တစ်ဆင့်တက်ရန် အလေးသာ

လန်ဒန် မတ် ၃၁

**၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်အသင်းများ နိုင်ပွဲကိုယ်စီ ရရှိခဲ့သည်။**

**ဘိုင်ယန် ၂ - ၁ မန်ယူ**

ဂျာမန်မြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်နှင့် မန်ယူတို့ပွဲတွင် အိမ်ရှင်ဘိုင်ယန်မြူးနစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်အတွက် ဂိုးများကို ပွဲချိန် ၇၇ မိနစ်တွင် ရီဘာရီနှင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင် အိုလစ်တို့က သွင်းယူပေးခဲ့သည်။ မန်ယူအတွက် တစ်လုံးတည်းသောဂိုးကို ပွဲအစ နှစ်မိနစ်မှာပင် ဝိန်းရွန်နေးက သွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေး ဒူးဒဏ်ရာ ရရှိသွားခဲ့သည်။

ယခုပွဲတွင် မန်ယူအသင်း၌ ဗန်ဒါဆား၊ နဗီးလ်၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ပက်ဂျီဆန် (ဘာဘာတော့ဗ်)၊ မိုက်ကယ်ကာရစ် (ဗလင်စီယာ)၊ နာနီ (ဂစ်)၊ ပေါလ်စခိုး၊ ဖလက်ချာနှင့် ဝိန်းရွန်နေးတို့ပါဝင်ကစားသွားခဲ့ပြီး အိမ်ရှင်ဘိုင်ယန်မြူးနစ်တွင် ဘတ်၊ ဘိုင်တင်၊ ဒီမစ်ရှယ်စ်၊ ရီဘာရီ၊ ဘွန်မဲလ်၊ အိုလစ်၊ မူလာနှင့် ဂိုမက်ဇ် စသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။ မန်ယူအသင်းမှာ ယခုပွဲ ရှုံးနိမ့်ခဲ့ခြင်းကြောင့် လာမည့် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် အိမ်ကွင်း၌ ကစားရမည့် ဒုတိယအကျော့ပွဲစဉ်ကို မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။



**ဘိုင်ယန်မြူးနစ်မှ အိုလစ် အနိုင်ဂိုးသွင်းယူစဉ်။**

**လိုင်ယွန် ၃ - ၁ ဘော်ဒိုး**

ပြင်သစ်နှစ်သင်း ဆုံတွေ့သည့် လိုင်ယွန်နှင့် ဘော်ဒိုးတို့ပွဲတွင် အိမ်ရှင်လိုင်ယွန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လိုင်ယွန်အတွက် ဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် လိုပက်ဇ်၊ ပွဲချိန် ၃၂ မိနစ်တွင် မိုက်ကယ်ဘော့တော့စ်နှင့် ပွဲချိန် ၇၇ မိနစ်တွင် လိုပက်ဇ်က ပယ်နယ်တီကန်သွင်းပြီး တတိယဂိုး ရယူခဲ့သည်။ ဘော်ဒိုးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် ချာမက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်း အနိုင်ရခဲ့သည့် လိုင်ယွန်အသင်းမှာ နောက်တစ်ဆင့်တက်ရန် အလေးသာသွားပြီဖြစ်သော်လည်း ဘော်ဒိုးမှာမူ အိမ်ကွင်းတွင် နှစ်ဂိုးပြတ်အနိုင်ရမှ နောက်တစ်ဆင့် တက်နိုင်တော့မည်ဖြစ်သည်။

***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

**နိုင်ငံတော်အစိုးရသည် အခြေခံကောင်းများကို တည်ဆောက်ပြီး ဒီမိုကရေစီနိုင်ငံထူထောင်ရေး အကောင်အထည်ဖော် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးရန် ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ကြေညာထားခဲ့ အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များကို အမြော်အမြင်ရှိရှိ မှန်မှန်ကန်ကန်ရွေးချယ်**

**နေပြည်တော် မတ် ၃၁**

တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ထားဝယ် တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ထားဝယ်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြိတ်ခရိုင် ကျွန်းစုမြို့သို့ ရောက်ရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယုဇနကုမ္ပဏီ၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး